# အာဆီယံ
# စီးပွားရေးပေါင်းစည်းမှု
# နှင့်
# ဝန်ဆောင်မှုကဏ္ဍတွင် စိန်ခေါ်မှုများ

ဒေါ်မြတ်မြတ်စိုး
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန

# အာဆီယံစီးပွားရေးပေါင်းစည်းမှု

- ၁၉၉၇ ---- ASEAN Vision 2020 ချမှတ်ခဲ့သည်။ တည်ငြိမ်ပြီး ကြွယ်ဝ၍ ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသောဒေသဖြစ်ရန်၊ သာတူညီမျှသော စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျော့ကျပြီး လူမှုစီးပွား မတူညီမှုများ လျော့နည်းသောဒေသ ဖြစ်ရန်။

- ၂၀၀၃ ----- ဘာလီသဘောတူစာချုပ် -၂ ချမှတ်ပြီး ၂၀၂၀ မတိုင်မီဒေသတွင်း စီးပွားရေးပေါင်းစည်းမှု၏ ရည်မှန်းချက် ပန်းတိုင်ဖြစ်သည့် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community – AEC ) ထူထောင်ရန်။

- ၂၀၀၇ ----- အာဆီယံ အသိုက်အဝန်း ထူထောင်မှုကို အရှိန်တိုးမြှင့်ပြီး၂၀၁၅မတိုင်မီ AEC ထူထောင်ရန်ဟူ၍ စီဘူး ကြေငြာစာတမ်း (Cebu Declaration) ထုတ်ပြန်ခဲ့သည်။

# ကုန်စည်ကဏ္ဍ

- အာဆီယံစီးပွားရေး ပေါင်းစည်းမှုလုပ်ငန်းစဉ်ကို ၁၉၉၂ ခုနှစ်တွင် ASEAN Free Trade Agreement ကိုလက်မှတ်ရေးထိုးပြီး ကုန်စည်ကုန်သွယ်ရေးတွင် အကောက်ခွန်နှုန်း ဖြေလျှော့မှုဖြင့် စတင်ခဲ့သည်။

- ရည်ရွယ်ချက် ----- အာဆီယံ ၆ နိုင်ငံများသည် ၂၀၁၀ မတိုင်မီ ကုန်စည်အားလုံးကို အကောက်ခွန်နှုန်း သုည ရာခိုင်နှုန်းသို့လျှော့ချရန်၊ စီအယ်လ်အမ်ဗွီ ၄ နိုင်ငံအတွက် ဖြေလျှော့ချိန်ကို ၂၀၁၅ ခုနှစ်အထိ ပိုမိုခွင့်ပြုရန်။

# ဝန်ဆောင်မှုကဏ္ဍ

- ဝန်ဆောင်မှုတွင် ဖြေလျော့မှုကဏ္ဍကို ၁၉၉၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော အာဆီယံဝန်ဆောင်မှုဆိုင်ရာ မူဘောင်သဘောတူစာချုပ်အရ ဆောင်ရွက်ပါသည်။

- ရည်ရွယ်ချက် ----- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)၏ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ အထွေထွေသဘောတူစာချုပ်(GATS)အရ ပြုလုပ်ထားသော အဖွဲ့ဝင်နိုင်ငံများ၏ ကတိကဝတ်များထက် ပိုမိုကျယ်ပြန့် နက်ရှိုင်းသော ဈေးကွက်ဖွင့်ပေးမှုများ ခွင့်ပြုနိုင်ရန်။

# ဝန်ဆောင်မှုဖြန့်ဖြူးသော နည်းလမ်း ( ၄ ) သွယ်

- Mode 1 – (Cross - border Supply) နယ်ဖြတ်ကျော်ဖြန့်ဖြူးခြင်း
- Mode 2 – (Consumption Abroad) ပြည်ပတွင် သုံးစွဲခြင်း
- Mode 3 – (Commercial Presence) စီးပွားရေးလုပ်ငန်း လုပ် ကိုင်ခြင်း
- Mode 4 – (Movement of Natural Persons) လူပုဂ္ဂိုလ်များ သွားလာလုပ်ကိုင်ခြင်း
- Mode 1 နှင့် 2 အတွက် ဖြေလျှော့မှု ကန့်သတ်ချက် မရှိရန် (None)။ Mode 3 အတွက် စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်နိုင်ရန် နိုင်ငံခြားငွေပါဝင်မှုအချိုးအစားကို (၇၀%) အထိ ခွင့်ပြုရန်။

- ဦးစားပေး ဝန်ဆောင်မှုကဏ္ဍများ - အီး အာဆီယံ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ခရီးသွား လုပ်ငန်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုကဏ္ဍများ အတွက် ၂၀၂၀ မတိုင်မီ လည်းကောင်း၊ ထောက်ပံ့ပို့ဆောင်မှုလုပ်ငန်း အတွက် ၂၀၁၃ မတိုင်မီလည်းကောင်း၊ ကျန်လုပ်ငန်းများအတွက် ၂၀၁၅ မတိုင်မီ လည်းကောင်း ခွင့်ပြုရန်။

- Mode 4 အတွက် အာဆီယံတွင် Agreement on Movement of Natural Persons ကို ၂၀၁၂ တွင် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၃အတွင်း အတည်ပြုရန် ဆောင်ရွက်နေသည်။

- ဤနည်းလမ်းက ခက်ခဲခြင်းအကြောင်းမှာ လူပုဂ္ဂိုလ်များ ယာယီဝင်ရောက်နေထိုင်မှု နှင့် ပတ်သက်နေ၍ လူဝင်မှုကြီးကြပ်ရေးကိစ္စများ၊ နိုင်ငံရေးကိစ္စများ၊ စီးပွားရေးနှင့် လူမှုရေး ကိစ္စများ ရောယှက်ဆက်နွယ်လျှက် ရှိသည်။

- ထို့ပြင် Mode 3 ဖြင့် ဝန်ဆောင်မှုပေးရန်အတွက် လုံလောက်သော ရင်းနှီးမြှုပ်နှံမှု လိုအပ်၍၊ Mode 4 ကဲ့သို့ ဝန်ဆောင်မှုပေးခြင်းက ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် အဓိကကျသည့် export interest ဖြစ်နိုင်သည်။

- အပြန်အလှန် အသိအမှတ်ပြုခြင်း အစီအစဉ်များ (Mutual Recognition Arrangements - MRAs ) ဆောင်ရွက်ပြီး သက်မွေးဝမ်းကြောင်း ဝန်ဆောင်မှုပေးသူများ၊ ကျွမ်းကျင်သူ ပညာရှင်များအား major professional services နယ်ပယ်များတွင် နိုင်ငံခြားသားများကို လုပ်ကိုင်ခွင့်ပြုကြသည်။

- အာဆီယံတွင် သက်မွေးဝမ်းကြောင်းဝန်ဆောင်မှုနှင့် ပတ်သက် သည့် MRA (၇) ခု ဆောင်ရွက်ပြီး ဖြစ်သည်။ ၂၀၀၅ တွင် engineering services၊ ၂၀၀၆ တွင် architectural services၊ ၂၀၀၇တွင် surveying qualificafions နှင့် nursing services ၊၂၀၀၈တွင် dental practitioners နှင့် medical practitioners ၊၂၀၀၉ တွင် accountancy services ဆိုင်ရာ သဘောတူ စာချုပ်များ ဝန်ကြီးအဆင့်တွင် လက်မှတ်ရေး ထိုးထားသည်။

- MRA ၏ အားသာချက်-----flexible ဖြစ်ခြင်း၊ ASEAN Minus X ပုံသေနည်းအရ အဆင်သင့်ဖြစ်သည့် အဖွဲ့ဝင်နိုင်ငံကဆောင်ရွက်နှင့်ပြီး ကျန်အဖွဲ့ဝင်(များ)က နောက်မှလိုက်ပါနိုင်ခြင်း။

- ဝန်ဆောင်မှုကဏ္ဍ၊ ကဏ္ဍခွဲအားလုံး (၁၂၈) ခုရှိသည်။

- စီးပွားရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး၊ ဖြန့်ဖြူးရေး လုပ်ငန်း၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဘဏ္ဍာရေး၊ ကျန်းမာရေးနှင့်လူမှုရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အပန်းဖြေ လုပ်ငန်း၊ ယဥ်ကျေးမှုနှင့် အားကစား၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်း။

- မြန်မာနိုင်ငံက ၂၀၁၂ ခုနှစ်အထိ ကဏ္ဍ၊ကဏ္ဍခွဲ (၈၀) ခန့် ဖြေလျှော့ပြီးဖြစ်သည်။

- ကျန်သည့်ကဏ္ဍများကို ၃၁-၁၂-၂၀၁၅ မတိုင်မီ ဆက်လက်ဖြေလျှော့နိုင်ရန် ဆောင်ရွက်လျှက်ရှိသည်။

- လုံး၀ ဖြေလျှော့မှုမပြုနိုင်သည့် ကဏ္ဍများအတွက် အာဆီယံ၏ ခွင့်ပြုချက်မှာ (၁၅%) ဖြစ်သည်။

# အေအီးစီ ဖြစ်ပေါ်လာခြင်း

- အာဆီယံစီးပွားရေး အသိုက်အဝန်း ( ASEAN Economic Community – AEC ) ကို စီးပွားရေးပေါင်းစည်းမှု၏ ခြေလှမ်းတစ်ဆင့်အဖြစ် ၂၀၀၇ ခုနှစ်တွင် အာဆီယံနိုင်ငံများအကြား ခေါင်းဆောင်များအဆင့်တွင် သဘောတူချမှတ်ခဲ့သည်။

- ၃၁-၁၂-၂၀၁၅ မတိုင်မီ အာဆီယံဒေသကို (၁) တစ်ခုတည်း သော ဈေးကွက်နှင့် ထုတ်လုပ်မှု အခြေခံဒေသဖြစ်ရန်၊ (၂) ယှဉ်ပြိုင်စွမ်းအား မြင့်မားသော ဒေသဖြစ်ရန် (၃) စီးပွားရေး သာတူညီမျှသောဒေသဖြစ်ရန် နှင့် (၄) ကမ္ဘာ့စီးပွားရေးတွင် အပြည့်အဝ ပေါင်းစည်းပါဝင်သော ဒေသဖြစ်ရန်ဟူ၍ အေအီးစီ၏ ဝိသေသလက္ခဏာ (၄) ရပ်ကို ချမှတ်ခဲ့သည်။

- မဏ္ဍိုင် ၁ တွင် ကုန်စည်များလွတ်လပ်စွာ စီးဆင်းခြင်း၊ ဝန်ဆောင်မှု လွတ်လပ်စွာစီးဆင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု လွတ်လပ်စွာစီးဆင်း ခြင်း၊ မတည်အရင်းအနှီးများ ပိုမိုလွတ်လပ်စွာစီးဆင်းခြင်းနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာစီးဆင်းခြင်းတို့ပါဝင်ပါသည်။

- မူလအာဆီယံ စီးပွားရေးပေါင်းစည်းမှုအတွက် ကုန်စည်၊ ဝန်ဆောင် မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နယ်ပယ်များထက် ပိုမိုကျယ်ပြန့်သော နယ်ပယ်များကို အေအီးစီတွင် ချမှတ်ထားသည်။ မဏ္ဍိုင်- ၂၊ ၃၊ ၄ တို့တွင် ယှဉ်ပြိုင်မှု၊ စားသုံးသူကာကွယ်ရေး၊ ဉာဏပစ္စည်း၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး၊ အခွန်ကောက်ခံခြင်း၊ အီး-ကောမတ်စ်၊ အက်စ်အမ်အီး နယ်ပယ်များကိုပါ ထည့်သွင်းချမှတ်ထားသည်။

# နိဂုံး

- ဖြေလျော့ခြင်းဆိုသည်မှာ စည်းကမ်းထိန်းချုပ်မှုမှ ကင်းလွတ်စေခြင်း မဟုတ်ပါ။

- ဝန်ဆောင်မှုသည် မျက်မှောက်ခေတ်တွင် နိုင်ငံများဖွံ့ဖြိုးလာသည်နှင့် အမျှအရေးပါလာသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဝန်ဆောင်မှုကဏ္ဍ ပါသည်။

- ဝန်ဆောင်မှုကဏ္ဍများတွင်ဖြေလျော့ရန် မိမိနိုင်ငံ/နိုင်ငံသားအတွက်အရေး ကြီးသောကဏ္ဍများကို လောလောဆယ်ထိန်းသိမ်းထားပြီး စည်းမျဉ်းထိန်းချုပ်နိုင်ရန် အစီအစဉ်ချမှတ်၍ နိုင်ငံခြားသားများအား လုပ်ကိုင်ခွင့်ပြုနိုင်ရန် နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်သည်။

- မိမိနိုင်ငံအတွက် အမြဲတမ်း Protectionism ထား၍မရပါ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ဖွင့်ပေးမှ နည်းပညာပိုင်း တိုးတက်မည်။